KIMO
Research Centre

ချင်းပြည်နယ်၏ လက်ရှိနိုင်ငံရေးနှင့် စစ်ရေးအပြောင်းအလဲများ

၂၀၂၅ အောက်တိုဘာ၊ Shwin & Asa

နိဒါန်း

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ချင်းပြည်နယ်၏ နိုင်ငံရေးနှင့် စစ်ရေးအခင်းအကျင်းများသည် ထူးခြားသည့် အကူးအပြောင်းကာလတစ်ခုသို့ ရောက်ရှိနေသည်။ တစ်ဖက်တွင်လည်း ချင်းတော်လှန်ရေးအင်အားစုများအကြား ကွဲပြားမှုများကိုကျော်လွှန်၍ အမျိုးသားရေးပေါင်းစည်းညီညွတ်မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဘုံကောင်စီဖွဲ့စည်းနိုင်ရန် ထိပ်သီးနိုင်ငံရေးဆွေးနွေးပွဲများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နေပြီး တစ်ဖက်တွင်လည်း စစ်ကောင်စီတပ်ကအရပ်သားပြည်သူများ၊ ဘာသာရေး အဆောက်အအုံများနှင့် အခြေခံအဆောက်အဦများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ အဆိုပါနိုင်ငံရေးအရ ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များသည် စစ်ကောင်စီ၏အရှိန်အဟုန်မြှင့် တိုက်ခိုက်နေသည့် စစ်ရေးဖိအားများကြားမှ ပေါ်ပေါက်လာခြင်းဖြစ်ရာ၊ တော်လှန်ရေးအဖွဲ့အစည်းများအကြား နိုင်ငံရေးဆိုင်ရာ ပေါင်းစည်းမှုပြုလုပ်ရန် ကြိုးပမ်းသည့် ဖြစ်စဉ်ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်သွားမည်ဖြစ်သည်။

၁။ Chin National Council (CNC) ဖွဲ့စည်းရေးနှင့် ချင်းအမျိုးသားစည်းလုံးညီညွတ်ရေး နိုင်ငံရေးလမ်းပြမြေပုံ

ချင်းပြည်နယ်တွင် တော်လှန်ရေး အဖွဲ့အစည်းများအကြား စုဖွဲ့မှုပုံစံ ကွဲပြားနေခြင်းကို ကျော်လွှားနိုင်ရန် ထိရောက်သော အမျိုးသားနိုင်ငံရေးရည်မှန်းချက် ပေါ်ပေါက်လာရေးသည် အခြေခံလိုအပ်ချက် ဖြစ်သည်။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ အိုင်ဇောလ်မြို့၌ ချင်းတော်လှန်ရေး၏ အဓိကအင်အားစုကြီးနှစ်ဖွဲ့ဖြစ်သည့် Chinland Council (CC) နှင့် Interim Chin National Consultative Council (ICNCC) တို့အကြား ထိပ်သီးတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပြီးၤင်းတွေ့ဆုံမှုသည် ချင်းနိုင်ငံရေးအတွင်းအကွဲအပြဲဖြစ်စဉ်များကိုကုစားနိုင်ရန်နှင့် ဘုံအမျိုးသားနိုင်ငံရေးလမ်းပြမြေပုံ ဖော်ဆောင်ရန် စနစ်ကျသော ခြေလှမ်းဖြစ်လာခဲ့သည်။

ပုံ - အင်တာနက် (ပုံဟောင်း)

အဆိုပါ တွေ့ဆုံပွဲပေါ်ပေါက်လာရန် မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် လားလ်ဒူဟိုးမား (Pu Lalduhoma) က ဦးဆောင်ဖွဲ့စည်းထားသည့် Advocacy Group for Peace – AGP က ကြားဝင်ညှိနှိုင်းရေးအဖွဲ့အဖြစ်စီစဉ်ပေးခဲ့ခြင်းပြီး နှစ်ဖက်ကိုယ်စားလှယ်များတက်ရောက်ခဲ့သည် -

Chinland Council (CC) မှ တက်ရောက်သည့် ကိုယ်စားလှယ်များ

(က) ဆလိုင်းမင်းညို (Salai Men Nyo)
(ခ) ဂျေကော့ဗ် ဗိုင်ဇောမာ (Jacob V Zawma)
(ဂ) ထန်းနိုင်းကီး (Pu Thang Naing Kee)

တို့ဦးဆောင်သော အဖွဲ့ဝင် (၉) ဦးပါဝင်ခဲ့သည်။

Interim Chin National Consultative Council (ICNCC) မှတက်ရောက်သည့် ကိုယ်စားလှယ်များ

(က) ဆလိုင်းထန်းချွန်းဖေ (Salai Thang Chawm Phe)
(ခ) ဆလိုင်းလျန်လွယ် (Salai Lian Luai)
(ဂ) စတီဗင်ပါဗျ (Steven Pa Bia)

တို့ဦးဆောင်သော အဖွဲ့ဝင် (၁၅) ဦး ပါဝင်ခဲ့သည်။

၎င်းဆွေးနွေးပွဲမှတစ်ဆင့် နှစ်ဖက်စလုံးသည်"Chin National Council (CNC)" ဟုခေါ်သည့် ဘုံကောင်စီတစ်ရပ် ဖွဲ့စည်းရန် သဘောတူညီခဲ့ကြပြီး AGP က ရေးဆွဲပေးထားသည့် CNC ဖွဲ့စည်း

ရေးလမ်းပြမြေပုံကို အတည်ပြုခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်တွင် အဓိကအားဖြင့် အဆင့်နှစ်ဆင့် ပါဝင်သည် -

(က) ယုံကြည်မှုတည်ဆောက်ခြင်းနှင့်နယ်မြေလေးစားခြင်းအဆင့်: အဖွဲ့အစည်းအချင်းချင်း ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်၊ ရန်လိုတိုက်ခိုက်မှုများကို ရပ်တန့်ရန်နှင့် တည်ရှိပြီးသား အုပ်ချုပ်ရေးနယ်မြေများကို အပြန်အလှန် လေးစားရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(ခ) ပူးတွဲကော်မတီဖွဲ့စည်းခြင်းအဆင့်: ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်း၍ ဆက်လက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ CNC ကို ထိရောက်စွာ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းစဉ်ဆိုင်ရာ လမ်းပြမြေပုံများ ရေးဆွဲသွားရန် တို့ဖြစ်ပါသည်။

CNC ဖွဲ့စည်းရန် သဘောတူညီမှုသည် စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ချင်းပြည်နယ်တွင် ဒီမိုကရေစီ ပြန်လည်ထူထောင်ရေးနှင့် ချင်းအမျိုးသားနိုင်ငံရေးမျှော်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် တော်လှန်ရေးအင်အားစုများအကြား စည်းလုံးညီညွတ်မှုကို အားကောင်းစေသည့် သမိုင်းဝင် ပေါင်းစည်းမှုဖြစ်သည်။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် CC ဒုတိယဥက္ကဋ္ဌ (၁) ဆလိုင်းမင်းညိုက အဆိုပါ ပေါင်းစည်းရေးသည် လုပ်ငန်းစဉ်ဖြစ်သောကြောင့် အသေးစိတ် အချက်အလက်များကို အချိန်တန်မှသာ ပြည်သူများသို့ တရားဝင် ထုတ်ပြန်သွားမည်ဟု ဆိုသည်။

၂။ စစ်ကောင်စီ၏ နိုင်ငံရေးနှင့် စစ်ရေးဖိအား

ထိုကဲ့သို့ နိုင်ငံရေးအရ ပြန်လည်ပေါင်းစည်းရန် ကြိုးပမ်းနေသည့်အပေါ် စစ်ကောင်စီတပ်က မြေပြင်နှင့် လေကြောင်းမှတစ်ဆင့် ပြင်းထန်သော စစ်ရေးတုံ့ပြန်မှုများ ပြုလုပ်၍ ဖိအားပေးလျက်ရှိသည်။ ချင်းပြည်နယ်တောင်ပိုင်းအပါအဝင် နယ်မြေအများအပြားတွင်စစ်ကောင်စီတပ်သည် မြေပြင်စစ်ကြောင်းများအပြင် လေကြောင်းအင်အားကိုပါ ပိုမိုအသုံးပြုလာသည်။ အထူးသဖြင့် စစ်ရေးပစ်မှတ်မဟုတ်သော လူနေအိမ်များ၊ ဘာသာရေး အဆောက်အဦများနှင့် ကုန်သွယ်ရေးလှေဆိပ်များကို ပစ်မှတ်ထားကာလေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့လယ် ၂:၃၀ အချိန်တွင် စစ်ကောင်စီသည် ဂျက်ဖိုက်တာ (၁) စီးဖြင့် မင်းတပ်မြို့ရှိ Presbyterian အသင်းတော် (Victoria Synod) ပိုင်ဘုရားကျောင်းကို ပေါင် ၅၀၀ ဗုံးဖြင့် တိုက်ခိုက်ခဲ့သည်။ ဤတိုက်ခိုက်မှုကြောင့် ဘုရားကျောင်း၊ သင်းအုပ်ဆရာနေအိမ်နှင့် ဗစ်တိုးရီးယားကိုယ်ပိုင်အထက်တန်းကျောင်းတို့ လုံးဝပျက်စီးခဲ့ရသည်။ အမေရိကန်မေရီလန်းအခြေစိုက် ဘားမားသုတေသနအင်စတီကျု (BRI) ၏ ဥက္ကဋ္ဌ Zo Tum Hmung နှင့် သင်းအုပ်ဆရာ Dr. Van Bao Cung တို့က ခရစ်ယာန်ဘာသာရေးအဆောက်အအုံများအားစနစ်တကျပစ်မှတ်ထားမှုကို “စစ်ရာဇဝတ်မှု”နှင့် “လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်

ရာဇဝတ်မှု” အဖြစ် အမြန်ဆုံး အသိအမှတ်ပြုပေးရန်နှင့် အိမ်ဖြူတော်(ထရမ့်အစိုးရ)အနေဖြင့် လူသိရှင်ကြား ပြစ်တင်ရှုတ်ချပေးရန် အောက်တိုဘာ ၁၂ ရက်တွင် တောင်းဆိုခဲ့ကြသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်တွင် စစ်ကောင်စီတပ်က ပလက်ဝမြို့နယ် အရှေ့တောင်ဘက် ရှိပီချောင်းဆုံကုန်သွယ်ရေးလှေဆိပ်ကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ တံတားဦးအခြေစိုက်လေတပ်မှ ဂျက်ဖိုက်တာ (၂) စီးဖြင့် ဗုံးသီး (၄) လုံးအပြင် Y-12 အသုံးပြု၍ တစ်ပြိုက်နက်တည်း ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် (၆) လသား အရွယ်ကလေးငယ် အပါအဝင် အရပ်သား (၉) ဦးအထိ သေဆုံးခဲ့ရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အောက်တိုဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလ ၂၂ ရက်နေ့အထိ ချင်းပြည်နယ်အတွင်း စစ်ကောင်စီကြောင့် အတည်ပြုနိုင်ခဲ့သော အရပ်သားသေဆုံးမှု ကိန်းဂဏန်းများကို အောက်ပါအတိုင်း ထုတ်ပြန်ထားသည် -

အမျိုးအစား (Category)	အတည်ပြုပြီးအရေအတွက် (Confirmed Count)
စုစုပေါင်းအတည်ပြု အရပ်သား သေဆုံးမှု	၆၄ ဦး

အမျိုးသားသေဆုံးသူ	၄၈ ဦး
အမျိုးသမီးသေဆုံးသူ	၁၆ ဦး
အသက် (၁၈) နှစ်အောက် ကလေးငယ်များ	၂၄ ဦး
လေကြောင်းတိုက်ခိုက်မှု ကြောင့် သေဆုံးသူ	၅၉ ဦး

ပလက်ဝမြို့နယ်ကဲ့သို့ ဖုန်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့် ဒေသများတွင်ဆက်သွယ်ရေးအခက်အခဲများရှိနေသဖြင့်သေဆုံးသူအရေအတွက် မှာယခုထက်ပိုမိုများပြားနိုင်သည်။

စစ်ကောင်စီသည် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် (၅) မြို့နယ်ဖြစ်သော ပလက်ဝ၊ မင်းတပ်၊ ကန်ပက်လက်၊ မတူပီနှင့် ထန်တလန်မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ကို ရက်ပေါင်း ၉၀ သက်တမ်းတိုးမြှင့်ခဲ့ပြီး ၎င်းတို့ ပြန်လည်ထိန်းချုပ်ထားသည့် ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်များကိုမူ စစ်အုပ်ချုပ်ရေး သက်တမ်းတိုးစာရင်းမှ ပယ်ဖျက်ခဲ့သည်။ ချင်းတော်လှန်ရေးအင်အားစုများ၏ ဗျူဟာမြောက် ရည်မှန်းချက်မှာ CNC ဖွဲ့စည်းရေးမှတစ်ဆင့် မက်ခရိုအဆင့် နိုင်ငံရေးပေါင်းစည်းမှုကိုရယူကာ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရေးအတွက် ဘုံအုပ်ချုပ်ရေးယန္တရားတည်ဆောက်ရန်ဖြစ်သည်။ ထိုသို့တော်လှန်ရေးတပ်ဖွဲ့များပေါင်းစည်းလာသည်နှင့်အမျှ စစ်ကောင်စီဘက်မှ နယ်မြေလက်လွှတ်ရမှု

များရှိလာသဖြင့် တုံ့ပြန်သည့်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုအသုံးပြုခြင်း၊ စစ်အုပ်ချုပ်ရေးကြေညာခြင်းနှင့် ကလေးမြို့နယ်ကဲ့သို့ နယ်စပ်မြို့များတွင် အတင်းအဓမ္မစစ်မှုထမ်းပေါ်တာဆွဲခြင်းများပြုလုပ်လာသည်။ ထို့အပြင် အာဏာသိမ်း သမ္မတ ဦးမင်းအောင်လှိုင်သည် အောက်တိုဘာ ၁၅ ရက်နေ့တွင် ပြုလုပ်သည့် NCA ၁၁ နှစ်မြောက်အခမ်းအနားမိန့်ခွန်း၌ ချင်းအမျိုးသားတပ်ဦး/ ချင်းအမျိုးသားတပ်မတော် (CNF/CNA) အပါအဝင်အချို့သော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။

နိဂုံးချုပ်

အချုပ်အားဖြင့်ဆိုရသော် ချင်းပြည်နယ်သည် စစ်ကောင်စီ၏ ပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသော်လည်း၊ တစ်ဖက်တွင် ဘုံနိုင်ငံရေးမျှော်မှန်းချက် ချမှတ်၍ ချင်းအမျိုးသားရေးပေါင်းစည်းမှုဖြင့် တော်လှန်ရေးကာလအုပ်ချုပ်ရေးယန္တရားကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းနေသည့် အရေးကြီးသော ဗျူဟာမြောက်အကူးအပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သုံးသပ်ရပါသည်။

------ End -------

Contact: +919383388523, +959268202230
Gmail: kimoinstitute23@gmail.com
Website: https://kimoinstitute.org/